# ဂျူရီတာဝန်

MIBFN
Michigan Breastfeeding Network

**မီချီကန်ရှိ သင်၏ မိခင်နို့တိုက်ကျွေးရေး အခွင့်အရေး လမ်းညွှန်**

## ကျွန်ုပ်ကို ဂျူရီအဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ဘာလို့ ဆင့်ခြားခံရတာ ဂလဲ။



အမေရိကန်၏ ပြည်သူအနေနဲ့ ကျွန်ုပ်တို့သည် ဂျူရီတာဝန်ကို မဖြစ်မနေထမ်းဆောင်ရမယ့် တာဝန်ရှိပါတယ်။ ဂျူရီအဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်နေချိန်တွင် ကျွန်ုပ်တို့သည် တရားဥပဒေချမှတ်ရာတွင် မျှမျှတတဖြစ်စေရန် လုပ်ဆောင်ခြင်းဖြင့် ပြည်သူလူထု၏သဘောထားကို ကိုယ်စားပြုပါသည်။ မိခင်နို့တိုက်ကျွေးနေသော မိခင်တယောက်အနေနဲ့ ဂျူရီအဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ယူရလျှင် သင့်ရဲ့ တန်ဖိုးရှိသော ကိုယ်ပိုင်အတွေ့အကြုံနဲ့ ထင်မြင်ယူဆချက်တွေကို တင်ပြရမှာဖြစ်ပါတယ်။

## အကယ်၍ ကျွန်မက နို့တိုက်မိခင်တယောက်အနေနဲ့ ဂျူရီအဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ယူဖို့ ဆုံးဖြတ်ရင် ဘာဖြစ်မလဲ။

အကယ်၍ သင်သည် နို့တိုက်မိခင်တယောက်အနေနဲ့ ဂျူရီအဖွဲ့ဝင်လူကြီးအဖြစ် တာဝန်ယူဖို့ ဆုံးဖြတ်ထားရင် စဉ်းစားချင့်ချိန်ရမယ့် ကိစ္စတချို့ရှိပါတယ် -

### ဂျူရီတာဝန် - ထည့်သွင်းစဉ်းစားရမယ့် အချက်များ



၁ နို့တိုက်မိခင် ဂျူရီအဖွဲ့ဝင်လူကြီးအတွက် ချမှတ်ထားတဲ့ မူဝါဒတွေ ရှိပါသလား။
၂ ကျွန်မကို နို့ညှစ်ဖို့ အချိန်နှင့် အိမ်သာမဟုတ်ဘဲ သင့်တင့်လျောက်ပတ်သောနေရာတနေရာ စီစဉ်ပေးနိုင်ပါသလား။
၃ တရားရုံးမှ ကလေးထိန်းရာတွင် အကူအညီပေးနိုင်ပါသလား။
၄ အကယ်၍ အမှုစစ်ဆေးခြင်းသည် ရက်အနည်းငယ်ထက်ပိုကြာမယ်ဆိုရင် ကျွန်မအနေနဲ့ ကင်းလွတ်ခွင့်တောင်းဆိုနိုင်ပါသလား။
၅ ကျွန်မဆီမှာ တရားရုံးကို ယူဆောင်လာလို့ရမယ့် ကိုယ်ပိုင်သုံး နို့ညှစ်စက်တစ်လုံး ရှိပါသလား။
၆ အိမ်ရဲ့ပြင်ပမှာ အချိန်မီ နို့ညှစ်နိုင်တဲ့ အတွေ့အကြုံ ကျွန်မဆီမှာ ရှိပါသလား။
၇ ကျွန်မရဲ့ကလေးကို အရင်က ဖြည့်စွက်စာကျွေးခဲ့ဖူးပါသလား။
၈ ကျွန်မရဲ့ကလေးဟာ ဖြည့်စွက်စာကျွေးလို့ရလောက်တဲ့ အသက်အရွယ်ရောက်ပြီလား။
၉ ကျွန်မဆီမှာ ညှစ်ထုတ်ပြီးသားမိခင်နို့ကို သိမ်းဆည်းထားတာရှိပါသလား။
၁၀ ကျွန်မမရှိရင် ကျွန်မကလေးကိုထိန်းပေးမယ့်သူအနေနဲ့ ကလေးနို့တိုက်ဖို့ အဆင်ပြေပါ့မလား။

**အကယ်၍ သင်သည် အထက်ပါမေးခွန်းတစ်ခုခုကို ဖြေဆိုရာတွင် အခက်အခဲရှိလျှင်**
တာဝန်မှ ကင်းလွတ်ခွင့်ပေးရန် လျှောက်ထားနိုင်ပါသည်။ အသေးစိတ်ကို သိရှိလိုလျှင် အောက်ဖော်ပြပါ အချက်အလက်များကိုကြည့်ပါ။

## သင့်လုပ်ပိုင်ခွင့်ကို သိရှိနားလည်ပါ။

ဂျူရီတာဝန်ထမ်းဆောင်ရန် ဆင့်ခြားခြင်းခံရသော နို့တိုက်မိခင်အများစုသည် သူတို့ကလေးကို နို့တိုက်နေစဉ်အတွင်း တာဝန်ထမ်းဆောင်ခြင်းသည် သူတို့နဲ့ သူတို့မိသားစုကို အခက်တွေ့စေတယ်လို့ ယူဆကြသည်။ ၂၀၁၂ တွင် ထုတ်ပြန်ခဲ့သော မီချီကန် နို့တိုက်မိခင်များအတွက် ဂျူရီတာဝန်ကင်းလွတ်ခွင့် အက်ဥပဒေ အရ ကလေးကိုနို့တိုက်နေစဉ်ကာလအတွင်း မိခင်များကို ဂျူရီတာဝန်မှ တရားဝင်ကင်းလွတ်ခွင့် ပေးထားပါသည်။ သင့်ကို ကျန်းမာရေးဝန်ဆောင်မှုပေးနေသော သူဆီမှ သင်ဟာ မိခင်နို့တိုက်ကျွေးနေသောမိခင်ဖြစ်ကြောင်း အတည်ပြုပေးမယ့် စာတစ်စောင် လိုအပ်ပါတယ်။

## သင့်အတွက် အချက်အလက်များ

သင့်ကို ကျန်းမာရေးဝန်ဆောင်မှုပေးနေသောသူအတွက် နမူနာစာ ဒါမှမဟုတ် ဒီလက်ကမ်းစာစောင် မိတ္တူပွားနည်း အပါအဝင် ဖြည့်စွက် သတင်းအချက်အလက်များကိုသိရှိလိုလျှင် **www.mibreastfeeding.org/Toolkits/JuryDuty** **တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။**

### ဒါဟာ မီချီကန်ပြည်နယ်မှာ လိုက်နာရမယ့် ဥပဒေဖြစ်ပါတယ်။



မီချီကန်ပြည်နယ်သည် နို့တိုက်မိခင်များကို ဂျူရီအဖွဲ့ဝင်တာဝန်မှ ကင်းလွတ်ခွင့်ပေးသော ပွာတိုရီကို အပါအဝင် ပြည်နယ် ၁၇ ခုထဲတွင် ပါဝင်သည်။